**Job Access**

**Driving disability employment**

# အချက်အလက် သတင်းလွှာ
# မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးဆိုင်ရာဝန်ဆောင်မှုများ

မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (DES) သည် အစိုးရ အလုပ်အကိုင် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို ပံ့ပိုးပေးရန် စာချုပ်ဖြင့် ငှားရမ်းထားသည့် ဝန်ဆောင်မှု အဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့သည် သတ်မှတ်ချက်အတွင်း ဘောင်ဝင်သော မသန်စွမ်းသူများ၊ထိခိုက်ဒဏ်ရာရထားသူများ သို့မဟုတ် ကျန်းမာရေး ပြဿနာရှိသူများကို အလုပ်ရှာဖွေရေးနှင့် ဆက်လက်ထိန်းထားနိုင်ရေးတို့အတွက် ကူညီပေးသည်။

DES ဝန်ဆောင်မှုများသည် မသန်စွမ်းသူများအား အလုပ်ခန့်မည့် အလားအလာရှိသည့် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးရာတွင် ကျွမ်းကျင်သူများဖြစ်သည်။ ၎င်းတို့သည် မသန်စွမ်းသူများနှင့် တိုက်ရိုက်တွေ့ဆုံပြီး ၎င်းတို့၏ ကျွမ်းကျင်မှုများ၊ အရည်အချင်းများ၊ အရည်အချင်းများ၊ ယခင်လုပ်ငန်း အတွေ့အကြုံ၊ အသက်မွေးဝမ်းကျောင်း ရည်မှန်းချက်များ သိရှိအောင် ကြိုးပမ် ကြိုးပမ်းခြင်းအားဖြင့် အလုပ်အကိုင်များကို ကူညီရှာဖွေပေးသည်။ ၎င်းတို့သည် အလုပ်အကိုင်ရှိသည့် နေရာများကို သိရှိပြီး မ သိရှိပြီး မသန်စွမ်းသူများအား အလုပ်တစ်ခု ရရှိအောင် မည်သို့ကူညီရမည်၊ အလုပ်တစ်ခုကို ထိန်းသိမ်းထားနိုင်ရန် မည်သို့ ကူညီ ကူညီပေးရမည်ကို သိရှိကြသည်။

မသန်စွမ်းသူတစ်ဦးအား အလုပ်ခန့်ပြီးနောက် ထိုသူကို DES ထောက်ပံ့သူက လုပ်ငန်းခွင်ဆိုင်ရာ ထောက်ပံ့ကူညီမှု အနည်းဆုံး 26 ပတ်အတွက်ပေးပါသည်။ သို့သော် လုပ်ငန်းရှင်နှင့် အလုပ်သမားနှစ်ဘက်လုံးအား လိုအပ်နေသရွေ့ အကူအညီပေးန အကူအညီပေးနိုင်ဖွယ် ရှိပါသည်။

လုပ်ငန်းရှင်များအတွက် DES သည် မသန်စွမ်းလူငယ်အလုပ်သမားများအား အလုပ်ခန့်ရေးနှင့် အလုပ်ကို ဆက်လက် ထိန်းသိမ်းထားနိုင်စေရေး အပါအဝင် အခမဲ့ ဝန်ဆောင်မှုများစွာကို ပေးနိုင်ပါသည်။

သင့်အနေဖြင့် DES မှ အကူအညီရယူနိုင်မည်လားကိုသိရှိရန် လူသား ဝန်ဆောင်မှုဌာန (စင်တာလင့်ခ်)သို့ ဆက်သွယ်နိုင်ပါသည်။ သင့်နယ်မြေ အတွင်းရှိ DES ထောက်ပံ့ရေး အဖွဲ့အစည်း၌လည်း တိုက်ရိုက်စာရင်းပေးနိုင်ပါသည်။ သင့်နယ်မြေရှိ DES ထောက်ပံ့ ကူညီသူများ စာရင်းကို jobactive ၌ရှိသော www.jobaccess.gov.au ဝက်ဘ်ဆိုက်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပိုမို သိရှိလိုပါက www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်အား ဖုန်း 1800 464 800 သို့ ခေါ်ဆို ဆွေးနွေးနိုင်ပါသည် -မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**